မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 7/Issue 3/ March / 2014

## သတင်းလွှာ၏ မတ်လ

ဘုရားသခင်၏ ပို့ဆောင်တော်မူသော ကျေးဇူးတော်ကြောင့် မတ်လသို့ ရောက်လာပါပြီ။ နှစ်တစ်နှစ်၏တတိယမြောက် မတ်လမှာ ဘုရားသခင်နှင့် ချစ်ခြင်းမေတ္တာအကြောင်းကို ဆင်ခြင်၍၊ စိတ်နှလုံးသွင်းကြပါစို့။

အကြီး..အငယ်၊ အရွတ်..အလတ်၊ မရွေး။ မိမိတို့၏စွမ်းရည်အလိုက် တစ်မူထူးခြားသော အရာများကို လုပ်နိုင်ကြပါသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး လုပ်ဆောင်မှုမှာ ကွာခြားကြပါသည်။ တစ်ချိန်က မိမိလုပ်နိုင်သောအရာကို ယခုမလုပ်နိုင်သောအခါ၊ မိမိကိုယ်ကို အသုံးမဝင်တော့ဟု ခံစားရရန် လွယ်ကူလှသည်။ ဤသည်ကား ဓမ္မတာပါ။

ကျွန်ုပ်တို့သည် ယခင်ကဲ့သို့ လုပ်နိုင်သည်ဖြစ်စေ၊ မလုပ်နိုင်သည်ဖြစ်စေ၊ ကျွန်ုပ်တို့အားလုံး မေတ္တာပြကာ ချစ်နိုင်ပါသည်။ နှုတ်၏စောင်မခြင်းဖြင့် ဆုတောင်းပေးနိုင်သည်။ စေတနာထက်သန်စွာ ကူညီမစနိုင်ပါသည်။ ကုန်လွန်ခဲ့သောအချိန်နှင့် ဘဝအတွေ့အကြုံများက .. ကျွန်ုပ်တို့ကို ချစ်နိုင်ရန်၊ ဆုတောင်းပေးရန်၊ ကူညီမစရန်၊ အစရှိသည့်အမှုများကို ကောင်းစွာပြုလုပ်နိုင်အောင် ပြင်ဆင်သွန်သင်ပေးခဲ့ပါပြီ။

ချစ်ခြင်းသည် ဘုရားသခင်နှင့်အခြားသူများကို ပေးရမည့် အကောင်းတကာ့ အကောင်းဆုံးလက်ဆောင်ဖြစ်သည်။ ၎င်းသည် သေးငယ်သောအရာ မဟုတ်ပါ။ အကြောင်းမှာ ဘုရားသခင်နှင့်၎င်း၊ မိမိနှင့်၎င်း၊ စပ်ဆိုင်သူများအပေါ် ပြုရန်ရှိသည့် တာဝန်အရပ်ရပ်ကို ချစ်ခြင်း အားဖြင့်သာ ပြည့်စုံစေနိုင်သောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့ လူအများစုသည် ဆုတောင်းခြင်းအမှုကို သေးငယ်သော အပြုအမူတစ်ရပ်ဟု ထင်ရသော်ငြားလည်း၊ ချစ်ခြင်းမေတ္တာ မရှိလျှင်၊ ထိုအမှုကိုမပြုနိုင်ပါ။ ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြရန် ကောလောသဲမြို့သားတို့အား ရှင်ပေါလု တိုက်တွန်းသည်။ ဆုတောင်းခြင်းသည် အစွမ်းထက်သည့်အား၊ ပြည့်စုံစေသည့် တန်ခိုးဖြစ်သည်။ ချစ်ခြင်းနှင့်ဆုတောင်းခြင်းသည် တန်ခိုးရှိသောသီလတစ်ပါး၊ အမြတ်ဆုံးသောအကျင့်တစ်ခုဖြစ်သည်။ မေတ္တာအရင်းခံနှင့်ဆုတောင်းကာ ဤမတ်လကို ဘုရားသခင်နှင့်အစပြုပါ။ ။




ချစ်မိတ်ဆွေသင်္ဂဟအပေါင်းတို့၊

သခင်ယေရှုခရစ်တော်၏ မြတ်နာမအားဖြင့် မင်္ဂလာပါ ဟုနှုတ်ခွန်းဆက်သပါ၏။

ကမ္ဘာတဝှမ်းလုံးရှိ လူမျိုးဘာသာမရွေး၊ မြန်မာပြည်အတွက် အထူးဆုတောင်းရာနေ့မှာ သင်သည်လည်း ပါဝင်ဆုတောင်းပါရန် လေးစားစွာ ဖိတ်ခေါ်ပါသည်။

ကျေးဇူးပြု၍၊ ၂၀၁၄ မတ်လ ၉ ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲ ၂:၀၀ နာရီအချိန်တွင် ကျွန်ုပ်တို့ မြန်မာခရစ်ယာန်မိသဟာယအသင်းတော်၌၊ အတူတကွလာရောက်၍၊ အထူးဆုတောင်းခြင်းဖြင့် ဝတ်ပြုကိုးကွယ်ရန်၊ သင်၏အချိန်နာရီကို ပေးလှူဆက်ကပ်ကြပါစို့။ ။




MARCH

## 2014, March Events

***Holy Communion***
***02/ 03/ 2014 Sunday 2:00PM***
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

~~~~~~~~~~~~~~

***Prayer Day for Burma/ Myanmar***
***02/ 03/ 2014 Sunday 2:00PM***
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***
~~~~~~~~~~~~~~

# 2014, Newly Elected B.C.F. Official Board Retreat

၂၀၁၄–ခုနှစ် B.C.F. official board retreat ကို Ivy Ave, Monrovia, CA 91016 တွင်တည်ရှိသော B.C.F. ဥက္ကဋ္ဌ၏ နေအိမ်၌ February 15, 2014 စနေနေ့ နံနက် 9:00AM အချိန်မှစ၍ ညနေ 4:30PM အချိန်ထိ ပြုလုပ်ခဲ့ပါသည်။

ဆရာ၊ ဆရာမများနှင့်တကွ အမှုဆောင်အဖွဲ့ဝင်အများ စုံညီစွာတက်ရောက်ကြပါသည်။ ၂၀၁၄–ခုနှစ် B.C.F အသင်းတော် ဥက္ကဋ္ဌမှာ Dr. Charles Ang ဖြစ်ပါသည်။

**Morning Devotion**: - 9:15 - 9:45 am

*Praise Song:* - ‘‘Spirit of the Living God”
*Prayer:* - Rev. Henry Ang
*Hymns:* - “My faith looks up to thee”
*Scripture:* - 2 Corinthians. 5:7
*Message:* - For we walk by faith, not by sight

**Annual reports**:- 10: 00am – 11: 00am
**Group Discussion**:-11:45am
**Lunch Time:-** 12:30 – 1:00 pm ,
Say Grace for the food - Sayama Hsi Mu Shein
**Break Time:-** 15 Minutes
**Group Presentation:-** 2:00pm- 4:30pm
**Monthly Special Prpgrams & Events:**
**Closing song:-** “I know whom I have believed”
**Words of thanks:-** 2014, Newly B.C.F president Dr. Charles Ang thanks each and everyone who participated and made B.C.F retreat a successful one and thanks God for all His Blessing and giving opportunity to serve His service. And also John Ma thanks to Dr. Charles Ang’s family on behalf of BCF.
**Closing Prayer:-** Rev. Livingstone Zan

## အားသစ်လောင်းတရားဒေသနာ –– ဟောပြောသူ Rev. Henry Ang

“Spirit of the Living God” ဓမ္မတေးကို သီကျူးခြင်းဖြင့် နံနက်ဝတ်ပြု ကိုးကွယ်ခြင်း အစည်းအဝေးကို အစပြုပါသည်။

B.C.F သင်းအုပ်ဖြစ်သူ Rev. Henry Ang ဦးဆောင်ပြီး အဖွင့်ဆုတောင်းခြင်းပြီးသည် နောက် တိုက်တွန်းနှိုးဆော်ခြင်းတွင်၊ ၂၀၁၄ ခုနှစ်တစ်လုံးအတွက် စဉ်းစားဆင်ခြင် လိုက်လျှောက် ရန် ရွေးချယ်ထားသော အဓိကကျမ်းချက်ဖြစ်သည့် ကောရိန္သု ဩဝါဒစာ ဒုတိယစာစောင် ၅း၇ ၏ “မျက်မှောက်မမြင်ဘဲ ယုံကြည်မြော်လင့်ခြင်း ရှိသည်အတိုင်း၊ ငါတို့သည် ကျင့်ဆောင်ပြုမူသည် ဖြစ်၍– For we walk by faith, not by sight” ကိုဦးတည်လျက်၊ အာဗြဟံနှင့်လောတ အကြောင်းကို အခြေပြုကာ သတိပေးဟောကြားသွားပါသည်။

“မျက်မှောက်မမြင်ဘဲ ယုံကြည်မြော်လင့်ခြင်း ရှိသည်အတိုင်း၊” ဆိုသည့်အတိုင်း မျက်စိ ဖြင့်မမြင်ရ၊ မမြင်နိုင်သော၊ ထာဝရတည်သည့်နေရာကို ပြောဆိုခြင်းဖြစ်ပါသည်။ ၂ကော၄း၁၈ ကို ကြည့်လျှင်၊ “အကြောင်းမူကား၊ မျက်မှောက်၌ထင်ရှားသော အရာတို့သည် ခဏသာ တည်၍၊ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည် ထောက်လျက်၊ ထင်ရှား သောအရာတို့ကို မကြည့်မမှတ်ဘဲ၊ မထင်ရှားသောအရာတို့ကို ကြည့်မှတ်ကြစဉ်အခါ၊ ယခုခဏ ခံရ၍ ပေါ့ပါးသောဆင်းရဲခြင်း ဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော နိစ္စထာဝရ ဘုန်းအသရေကို ငါတို့အဘို့ဖြစ်စေတတ်၏။”ဟုရှင်းပြထားပါသည်။

သမ္မာကျမ်းစာထဲမှ “မျက်မှောက်မမြင်ဘဲ ယုံကြည်မြော်လင့်ခြင်း ရှိသည်အတိုင်း၊” ယုံကြည်မြော်လင့်ခြင်းဖြင့် အသက်ရှင်သောပုဂ္ဂိုလ်များ အထဲမှ အာဗြဟံအကြောင်းကို ကြည့်ကြ ပါစို့။

ကမ္ဘာဦးကျမ်း ၁၂း၁–၅ ။ ထာဝရဘုရားသည်လည်း အာဗြံကိုခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါင်းဘော် များထဲက ထွက်ပြီးလျှင်၊ ငါပြလတံ့သော ပြည်သို့သွားလော့။ ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီးပေး၍ သင်၏နာမကိုကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရသောသူဖြစ်လိမ့်မည်။ သင့်ကို ကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကိုငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည်ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ အာဗြံ ထွက်သွား၍ လောတလည်း လိုက်လေ၏။ အာဗြံသည် ခါရန်မြို့မှ ထွက်သွားသောအခါ၊ အသက် ခုနစ်ဆယ်ငါးနှစ်ရှိ၏။ အာဗြံသည် မယားစာရဲ၊ အစ်ကိုသား လောတနှင့် ဥစ္စာရတတ်သမျှကိုင်၎င်း၊ ခါရန်မြို့၌ရသော လူတို့ကို၎င်း ယူပြီးလျှင်၊ ခါနာန်ပြည် သို့ရောက်ခြင်းငှါ ထွက်သွား၍၊ ထိုပြည်သို့ ရောက်ကြ၏။

ဟေဗြဲဩဝါဒစာ ၁၁း၈–၁၀။အာဗြဟံသည်အမွေခံရလတံ့သောပြည်သို့ထွက်သွားမည်အကြောင်း၊ ဘုရားသခင်ခေါ်တော်မူသောအခါ၊ သူသည်အဘယ်အရပ်သို့သွားသည်ကိုကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားလေ၏။ သူတပါးပိုင်သော ပြည်၌ ဧည့်သည်ဖြစ်နေ သကဲ့သို့၊ ဂတိတော်နှင့် စပ်ဆိုင်သောပြည်၌ ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍ နေ၏။ ထိုဂတိ တော်ကို အမွေခံရသော အဘော်အဘက်တည်းဟူသော ဣဇာက်၊ ယာကုပ် တို့နှင့်အတူ တဲ၌နေ လေ၏။ အကြောင်းမူကား၊ ဘုရားသခင် တည်ထောင် ပြုစုတော်မူသော၊ ခိုင်ခံ့မြဲမြံသော မြို့ကို မြော်လင့်သတည်း။

အထက်ပါ ကျမ်းချက် တို့ကို ဖတ်ရှုလျက်၊ အာဗြဟံကို ဘုရားသခင် ခေါ်ထုတ်လာသည့် နည်းတူ၊ ကျွန်ုပ်တို့ကိုလည်း ဘုရားသခင် ခေါ်ထုတ်၍၊ ကျွန်ုပ်တို့၏ မွေးရပ်ဌါနေမှ ထွက်လာကြရ သည်။ သို့သော် ကျွန်ုပ်တို့ ဘာ့ကြောင့်ထွက်လာသလဲ?။ ဘယ်လိုထွက်လာကြသလဲ?။ ဆိုတာ တစ်ဦးချင်းသော်၎င်း၊ တစ်မိသားစုချင်းသော်၎င်း၊ တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ ကျွန်ုပ်တို့မွေးရပ် ဌါနေမဟုတ်သောတိုင်းတပါးမှာ နေထိုင်ကြရသော်လည်း၊ အခက်အခဲဒုက္ခ တွေ့ကြုံရသော်လည်း၊ ဘုရားသခင်၏ အလိုတော်အတိုင်း နေရကြပါသည်။

အာဗြဟံနှင့် သူ၏တူလောတသည်လည်း သိုး၊ နွားအများနှင့် တဲအများရှိသဖြင့်၊ သူတို့ နှစ်ဦးသည် အတူနေခြင်းငှါ ထိုမြေမဆံ့နိုင်။ ဥစ္စာအလွန်များလွန်း၍၊ သူတို့သည် တစ်ရပ်တည်း၌ အတူ မနေနိုင်ကြပေ။ အာဗြဟံ၏နွားကျောင်းသား၊ လောတ၏နွားကျောင်းသား တို့သည်လည်း ခိုက်ရန်ပြုကြ၏။ အာဗြဟံကလည်း၊ ငါတို့သည် ညီအစ်ကိုချင်း ဖြစ်သော်လည်း၊ ငါနှင့်သင်၌၎င်း၊ ငါ့နွားကျောင်းသားတို့နှင့်၊ သင့်နွားကျောင်းသားတို့၌၎င်း၊ စားကျက်လု၍ ခိုက်ရန် မရှိပါစေပါနှင့်။

ထို့ကြောင့် ယခုလက်ရှိဖြစ်နေသော ပြဿနာကိုဖြေရှင်းရန် လမ်းခွဲကြရမည်။ ငါနှင့်ခွာ၍သွားလော့။ သင်သည် လက်ဝဲဘက်သို့သွားလျှင်၊ ငါသည် လက်ျာဘက်သို့သွားမည်။ သင်သည် လက်ျာဘက်သို့သွားလျှင်၊ ငါသည် လက်ဝဲဘက်သို့သွားမည်ဟုဆို၏။

ထိုအခါ လောတသည် ယောဒန်မြစ်ဝှမ်း စိမ်းလမ်းသောမြေနေရာကို ရွေး၍၊ သောဒုံမြို့နားမှာ အခြေခိုက်၏။ လောတ၏ အခြားတဘက်သို့ အာဗြဟံသွားရ၏။ ထိုနေရာသည် လောတ၏မျက်စိအမြင်မှာ အသုံးမကျ ခြောက်သွေ့သောနေရာ ဖြစ်၏။ သို့သော် အာဗြဟံသည် ကြွယ်ဝခြင်းနှင့်စီးပွါးတိုးတက်ခြင်းကိုမကြည့်ဘဲ၊ ဘုရားသခင်ကောင်းကြီးပေးမည်ကို အမှန်ယုံကြည်လျက်၊ အခြေချနေလေ၏။ လောတသည် အာဗြဟံနှင့်ခွါ၍သွားပြီးမှ၊ ထာဝရဘုရားသည် အာဗြဟံကိုခေါ်၍၊ သင်ရှိသောအရပ်က၊ တောင်၊ မြောက်၊ အရှေ့၊ အနောက် သို့မြော်ကြည့်လော့။ သင်မြင်သောမြေတပြင်လုံးကို၊ သင်နှင့် သင်၏အမျိုးအနွယ်အား၊ ငါသည် ကာလအစဉ်အမြဲပေးမည်။ သင်၏အမျိုးအနွယ်ကို မြေမှုန့်ကဲ့သို့ ငါများပြားစေမည်။ သို့ဖြစ်၍ လူသည် မြေမှုန့်ကို ရေတွက်နိုင်လျှင်၊ သင်၏အမျိုးအနွယ်ကို ရေတွက်နိုင်ကြလိမ့်မည်။ သင်ထ၍ မြေကိုအလျားအားဖြင့်၎င်း၊ အနံအားဖြင့်၎င်း ရှောက်သွားလော့။ သင်အား ငါပေးမည်ဟု မိန့်တော်မူ၏။ အာဗြံသည် တဲကို ပြောင်း၍၊ ဟေဗြုန်မြို့၊ မံရေသပိတ်တောသို့ ရောက်မှ နေရာကျ၍၊ ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်လေ၏။

ထို့နောက်၊ အာဗြဟံသည် မိမိအား ဘုရားသခင်ပေးအပ်ထားသော တစ်ဦးတည်းသောသားတ္တဇက်ကို ယဇ်ကောင်အနေဖြင့် ပူဇော်ဖို့ရန် ဘုရားသခင်တောင်းဆိုသောခါ၊ အာဗြဟံသည် ဘုရားသခင်ကို မငြင်းဘဲ ယဇ်ပူဇော်ရန် ပြင်ဆင်ကြောင်းကိုလည်း ကျွန်ုပ်တို့ သိရှိခဲ့ပါပြီ။

ထိုကြောင့် အာဗြဟံ၌ ဘုရားသခင်၏ဂတိတော်သည်ကား “ငါသည် သင့်အား အစဉ်အမြဲကောင်းကြီးပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်း၊ ကောင်းကင်ကြယ် ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊ အစဉ်အမြဲပွါးများစေမည်။ သင်၏ အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏အမျိုး အနွယ်အားဖြင့်၊ လူမျိုးအပေါင်းတို့သည် ကောင်းကြီး မင်္ဂလာကိုခံရကြလိမ့်မည်”ဟုထာဝရဘုရား၏ အမိန့်တော်ရှိ၏။

ဤသည်ကိုကြည့်ခြင်းဖြင့် အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် သက်ရှင်နေထိုင်သဖြင့် ကောင်းကြီးမင်္ဂလာကို ခံစားရရှိသည်။ လောတမှာမူကား ထိုကဲ့သို့မဟုတ်၊ မျက်စိအမြင်ဖြင့် မိမိ၏နှစ်သက်ရာကို ရွေးချယ်သည့်အတွက် ပျက်စီးဆုံးရှုံးခြင်းနှင့် ရင်ဆိုင်ရပါသည်။

အချုပ်အားဖြင့် ကျွန်ုပ်တို့အယောက်စီတိုင်းသည် လောတကဲ့သို့ မျက်စိဖြင့် မြင်တွေ့နိုင်သောတပ်မက်ဖွယ်ရာများကို ဦးစားမပေးဘဲ၊ အာဗြဟံနည်းတူ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်နေထိုင်ကြပါရန် တိုက်တွန်းပါသည်။

ထို့နောက် အသင်းတော်အတွင်းရေးမှူးနှင့် လူငယ်ဥက္ကဋ္ဌတို့၏ နှစ်ချုပ်အစီရင်ခံစာအပြင်၊ တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ခေါင်းဆောင် အသီးသီးတို့မှ သက်ဆိုင်ရာ ပြန်ကြားစာများကို တစ်ဖွဲ့စီဖတ်ကြားပြီး ကန့်ကွက်မဲမရှိ အားလုံးသဘောတူလက်ခံကြပါသည်။ နေ့လည်ခင်း 12:30 နာရီတွင် နေ့လည်စာကို သုံးဆောင်၍ခေတ္တအနားယူပြီး၊ ရှေ့လာမည့် တစ်နှစ်တာအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် အသင်းတော်၏ တိုးတက်မှုလုပ်ငန်းများကို အဖွဲ့ငယ်များခွဲ၍၊ အသေးစိတ် ဆွေးနွေးကြပြီး၊ ပြန်လည်တင်ပြ အဆိုပြုရာတွင် ကျေနပ်အားရစွာ ထောက်ခံလျက် အတည်ရယူပါသည်။ ၂၀၁၄ တစ်နှစ်လုံးအတွက် တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းနှင့် အထူးအစီအစဉ်များကို နေ့ရက်သတ်မှတ် တင်ပြသည်။ အသင်းတော်ဘဏ္ဍာထိန်းဖြစ်သူ မစမ်းစမ်းမင်း ထံမှ ဝင်ငွေထွက်ငွေစားရင်းတင်ပြအပြီးတွင် ယခုနှစ် ခန့်မှန်းခြေ ဝင်ငွေစာရင်းနှင့်အသုံးစာရင်းကို ဆက်လက်၍ဖတ်ပြပါသည်။

နောက်ဆုံးအစီစဉ်အရ “I know whom I have believed ” ဓမ္မသီချင်းကျူးလျှက် ကျေးဇူးတင်စကားပြောကြာအပြီးတွင်၊ Rev. Livingstone Zan မှဆုတောင်းဆက်ကပ်ကာ၊ ကောင်းကြီးပေးခြင်းဖြင့် အစီအစဉ်ကို အောင်မြင်စွာ ရုတ်သိမ်းပါသည်။

## 2014, BCF official board members

| | | |
|---|---|---|
| Senior Pastor | --- | Rev. Henry Ang |
| Associate Pastor | --- | Rev. Saw Livingstone Zan |
| Pastoral Staff | --- | Sayama Hsi Mu Shein |

| | | |
|---|---|---|
| President | --- | Dr. Charles Ang |
| Vice President | --- | U Kyi Shinn |
| Secretary | --- | Emily Ang |
| Joint Secretary | --- | Daw Yi Yi Aye |
| Treasurer | --- | San San Min |
| Joint Treasurer | --- | Fiona Ang |
| Trustee & Finance | --- | Ms. Joy Ang |
| Joint | --- | Shian Ma |
| Mission & Evangelism | --- | Robin Saw |
| Joint | --- | Naw Win Mar |
| Worship & Music | --- | John Ma |
| Joint | --- | Mon Mon Soe |
| Joint | --- | Irene Wang |
| Christian Education | --- | Alice Ang |
| Joint | --- | Marlar Ang |
| Social & Recreation | --- | David Ang |
| Joint | --- | Ma Thin Thin |
| Auditor | --- | Dr. Anthony Lee |
| Pianist | --- | Patricia Aung |
| Christian Literature | --- | Daw Yi Yi Aye |
| Member at Large | --- | Tom Won |

# သိမှတ်ဖွယ်ရာ - စိန့်ပက်ထရစ်

## Irish လုယက်သူများ၏ ဖမ်းဆီးခြင်းကို ခံရသော သုံ့ပန်းအကျဉ်းသား။

St. Partick သည် လေးရာစုနှစ်အကုန် အင်္ဂလန်နိုင်ငံတွင် ချမ်းသာသောမိဘများမှ မွေးဘွား ဆင်းသက်လာသူ ဖြစ်သည် ဟုသိရသည်။ 460 AD ပတ်ဝန်းကျင် မတ်လ ၁၇ ရက်တွင် သေဆုံးသည် ဟုယုံကြည်ရသည်။ သူ၏ ဖခင်သည် ခရစ်ယာန်အသင်းထောက်လူကြီးဖြစ်သည်ဟု ဆိုသော်ငြားလည်း အခွန်ဆောင်သောအခါ ရရှိနိုင်သော အကျိုးအမြတ်မက်လုံးကြောင့်သာ ဤအမှုတော် ကိုထမ်းဆောင်သည်ဟု ပြောဆိုကြသည်။ Patrick သည် ဘာသာရေးကို အလွန်ရှိသေကိုင်းရှိုင်းသောမိသားစုမှ ဆင်းသက်လာသည် ဟူသောမှန်တမ်းများကို မတွေ့ရပါ။ အသက် ၁၆ နှစ် အရွယ်တွင် Patrick သည် သူ့မိသားစုပိုင်ဆိုင်သောခြံမြေ အဆောက်အဦးကို လာရောက် တိုက်ခိုက်သော Irish လုယက်သူများ၏ သုံ့ပန်းအကျဉ်းသားအဖြစ် ဖမ်းဆီးခြင်းကိုခံရသည်။ ဤလုယက်သူ တို့သည် သူ့ကို Ireland သို့ခေါ်ဆောင်သွား၍ ခြောက်နှစ်ကြာသည်အထိ ဖမ်းဆီးချုပ်နှောင်ထားသည်။ ဤဖမ်းဆီးချုပ်နှောင်သောနေရာသည် မည်သည့်နေရာဖြစ်သည်ကိုပင် အငြင်းအခုန်ပြုကြသည်။ အချို့က Patrick ကို ဖမ်းဆီး ခေါ်ဆောင်သွားသောနေရာသည် County Antrim တွင်ရှိသော Mount Slemish ဖြစ်သည်ဟု ပြောကြသော်လည်း Killala အနီး၌ ရှိသော County Mayo တွင် ရှိသည်မှာ ပို၍ ဖြစ်နိုင်သည်။ ဤသို့ ဖမ်းဆီးချုပ်နှောင်ခံရချိန်တွင် Patrick သည် လူသူနှင့် ကင်းဝေးသော ကွင်းပြင်၌ သိုးထိန်းအဖြစ် သိုးများကို ထိန်းကျောင်းပေးရသည်။ ခလုပ်ထိမှအမိတ ဟုဆိုသလို စိတ်အားငယ်သော အထီးကျန်ဘဝ နှင့် ကြောက်ရွံ့တုန်လှုပ်သော ဘဝတို့ကြောင့် စိတ်သက်တောင့်သက်သာ ဖြစ်စေရန်၊ စိတ်ဖြေသိပ်နိုင်စေရန်၊ ဘာသာရေးကို ပို၍ကိုင်းရှိုင်း လာသည်။ ဘုရားတရားကို အလွန်ကြည်ညိုသော၊ အလွန်စိတ်အားထက်သန်သော ခရစ်ယာန်ဖြစ်လာသည်။ Patrick ဖမ်းချုပ်ခံရချိန်တွင် Irish လူမျိုးကို ခရစ်ယာန်အဖြစ်သို့ ပြောင်းလဲသော အိပ်မက်များကို စတင် မြင်မက်လာသည် ဟုလည်း ပြောကြသည်။ ယုံကြည်ကြသည်။

## သင်သိသလား။

St. Partick သည် Britain ဟုခေါ်သော အင်္ဂလန်နိုင်ငံတွင် ဖွားမြင်၍ ဆယ်ကျော်သက်အရွယ်အထိ နေထိုင်သွားသည်။

## ရုပ်ပါရုံကိုလမ်းညွှန်အဖြစ်အသုံးပြုသော St. Partick

သုံးပန်းအကျဉ်းသားအဖြစ် ခြောက်နှစ်ကျော်နေပြီးမှ ထွက်ပြေးလွန်မြောက် လာသည်။ သူ၏ရေးသားချက်အရ – သူ၏အိပ်မက်ရူပါရုံထဲတွင် ဘုရားသခင်ထံတော်မှလာသည်ဟုယုံကြည်ရသော အသံတသံက သူ့ကို Ireland မှထွက်ခွာသင့်ပြီ၊ အချိန်တန်ပြီ၊ဟုသူ့ကိုပြောကြားသည်။ ထိုသို့ ထွက်ပြေးသောအခါ သူသည် အဖမ်းခံရသည်ဟု ယုံကြည်ရသော County Mayo မှ မိုင်နှစ်ရာကျော် ကွာဝေးသော Irish ကမ်းခြေသို့ ခြေလျင်ဖြင့်လျှောက်သွားရသည်။ အင်္ဂလန်သို့ ထွက်ပြေးလွတ်မြောက်သွားသောအခါ အိပ်မက်၌ ကောင်းကင်တမန်က သူ့ကို Ireland သို့ သာသနာပြု အဖြစ်နှင့် ပြန်သွားရန် ဟူသော ဗျာဒိတ်တော်ကို ခံစားရရှိသည်ဟု Patrick က ပြန်ပြောင်း ပြောပြသည်။

ထို့နောက် Patrick သည် ဘာသာရေးသင်တန်းတစ်ခုကို တစ်ဆယ့်ငါးနှစ်ကျော်ကျော် တက်ရောက်ပြီး လက်တင်မင်္ဂလာရသောအခါ Ireland တွင်ရှိ ခရစ်ယာန်များ၏ သိုးထိန်းအဖြစ်၄င်း၊ ခရစ်ယာန်ဘာသာသာသနာပြန့်ပွားရေးကို တာဝန်ယူသောအမှုတော်ဆောင်တစ်ဦး အဖြစ်၄င်း၊ စေလွှတ်ခြင်းခံရသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ Patrick က ခရစ်ယာန်ဘာသာကို Ireland ၌ အစပျိုးပေးသည် ဟူသော လူအများစု၏ ယုံကြည်ချက်နှင့် ဗီလာဆန့်ကျင်နေပါသည်။

## မီးပုံပွဲ၊ ကားတိုင်တော် နှင့် St. Partick ။

Irish လူမျိုးတို့၏ ရိုးရာယုံကြည်ချက်ကို ဖျောက်ဖျက်ပစ်ရန် ကြိုးစားမည့် အစား၊ ဤလူမျိုးတို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုကို သိနားလည်သော Patrick သည် Irish လူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ဝတ်ပြုကိုးကွယ်နည်း နှင့် ဝတ်ပြုကိုးကွယ်သောအခမ်းအနားတို့ကို သူ၏ ခရစ်ယာန်သင်္ချာစာ ထဲသို့ ပါဝင်လာအောင် တလုံးတစည်းတည်းဖြစ်အောင် ထည့်သွင်းပေါင်းစပ်ဖွဲ့စည်းပေးသည်။ ဥပမာအားဖြင့် Irish လူမျိုးတို့သည် သူတို့၏ဘုရားများကို မီးဖြင့်ဂုဏ်တင်၍ ဂါရဝပြုသည်ကို သိထားသော Patrick သည် ရှင်ပြန်ထမြောက်ခြင်း Easter ပွဲ၏ အခမ်းအနားများကို မီးပုံပွဲများဖြင့် ကျင်းပကာ ချီးမွမ်းထောမနာပြုစေသည်။ နောက်ဥပမာတခုအနေဖြင့်၊ နေသည် Irish လူမျိုးတို့၏ ဩဇာလေးနက်တန်ခိုးကြီးသော သင်္ကေတ အထိန်းအမှတ် လက္ခဏာတခု ဖြစ်သည်ကို သိထားသော Patrick သည် ခရစ်ယာန်တို့၏ ရိုးရိုး လက်ဝါးကပ်တိုင်ကို နေကိုယ်စားပြုသော စက်ဝိုင်းအပေါ်တွင် ထက်ဆင့်တင်လိုက်ခြင်းဖြင့် Irish လူမျိုးတို့အတွက် ပိုမို၍ သဘာဝကျသော၊ ပို၍ ကြည်ညိုလေးစား ကိုးကွယ်ဖွယ်ရာ ဖြစ်စေသည့် Celtic လက်ဝါးကပ်တိုင် ရရှိစေပါသည်။

Patrick Ireland သို့ရောက်ခါစအချိန်တွင် ခရစ်ယာန် အရေအတွက်မှာ အနည်းငယ်သာရှိသည်။ Irish လူမျိုး အများစုတို့သည် သဘာဝကို ကိုးကွယ်သော Pagan ဘာသာရေးကို ယုံကြည်ကိုးကွယ်သော အချိန်အခါ ဖြစ်သည်။ Irish ယဉ်ကျေးမှုသည် ကြွယ်ဝသော မိရိုးဖလာရိုးရာ ဓလေ့ထုံးစံမှ တဆင့်စကား တဆင့်ပွားသည့် နှုတ်တိုက် အာဂုံဆောင်သော ဒဏ္ဍာရီ ပုံပြင်များကို အဓိကအလေးထားသော ယဉ်ကျေးမှုမျိုး ဖြစ်သောကြောင့် ရာစုနှစ်ပေါင်းချီ၍ အချိန်ကြာ

လာသည်နှင့်အမျှ Patrick ၏ဘဝဖြစ်စဉ် သည်လည်းဘဲ ပို၍ တိုး၍ ချဲ့ထွင်ခြင်း ခံရသည်မှာ မဆန်းပါ။ အံ့သြဖြစ်စရာ မလိုပါ။ စိတ်လှုပ်ရှားကြွစေသော ပုံပြင်များအားဖြင့် ရာဇဝင်သမိုင်းကို မှတ်မိစေခြင်းသည် Irish လူမျိုးတို့၏ နေ့စဉ်အသက်သာ၏ တစိတ်တဒေသပင် ဖြစ်ပါသည်။



Irish Celtic cross



St. Patrick Picture



The three-leaved Shamrock




The "Shield of the Trinity"

or Scutum Fidei diagram of traditional Western Christian symbolism

# ရောင့်ရဲသောစိတ်ပါလျှင်

**ရဲနိုင်ရှင်း (St. Paul)**

ဆယ်စုနှစ်ပေါင်းများစွာ နာမည်ကျော်ကြား လူသိများသော “ ကာနေးရှင်း ” ( Carnation Dairy ) ကုမ္ပဏီက သူတို့ ထုတ်လုပ်သော နို့ဆီတွင် ကုန်ကြမ်း အဖြစ်သုံးသည့် နွားနို့များကို “ ရောင့်ရဲခြင်းရှိသောနွားများ ” မှရသောကြောင့် ဖြစ်သည်ဟု ကြော်ငြာများတွင်အတိအကျဖေါ် ပြ၍ ရောင်းချခဲ့သည်။ ယခုလည်း ရောင်းနေဆဲဖြစ်သည်။

မှန်ပါသည်။ ထို “ကာနေရှင်း” နို့ထွက်ပစ္စည်းများ ထုတ်လုပ်သောကုမ္ပဏီသည် (၃၂) နှစ်ဆက်တိုက် ကမ္ဘာပေါ်တွင် ထုတ်လုပ်မှု အကောင်းဆုံးနှင့် အအောင်မြင်ဆုံး ကုမ္ပဏီ အဖြစ်ရပ်တည်လျက် ရှိနေပါသည်။ သူတို့ ကြော်ငြာသလို “ ရောင့်ရဲခြင်းရှိသောနွားများ ” ကလည်းနွားနို့ထွက်အားအကောင်းဆုံး ဖြစ်ပါလိမ့်မည်။

ထို့အတူ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို မေးခွန်း ပြန်မေးမိပါသည်။

ကျွန်တော်လည်း ဒီကနေ့ လောကထဲမှာ ရှန်းကန်နေသော သူတစ်ယောက် ဖြစ်သောကြောင့် “ ရောင့်ရဲခြင်းစိတ်ဓါတ် ” ဘယ်မျှလောက် ရှိပါသလဲ။

ချစ်သောမိတ်ဆွေရော၊ “ ရောင့်ရဲခြင်း ” ရှိပါသလား။

သူတပါးအား မနာလိုစိတ် ရှိခြင်းသည်၊ အပြစ်ဖြစ်သည် ဆိုတာကို မိတ်ဆွေရော၊ ကျွန်တော်ပါ သိထားပါသည်။ ရောင့်ရဲသော နှလုံးသား ရှိရမည်ဟု သမ္မာကျမ်းစာက သင်ထားပြောထားပါသည်။ ကြားဖူးပါလိမ့်မည်။ ရှင်ပေါလုက “ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရား၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွါး မှန်၏။ ”ဟု (၁တိ ၆း၆ ) တွင်အတိအကျ ပြောထားပါသည်။ ထို့အတူ (ဟေဗြဲ ၁၃း၅ ) တွင်လည်း၊ “ သင်တို့ ကျင့်ကြံပြုမူခြင်းသည် ငွေကို တပ်မက် ခြင်းနှင့် ကင်းလွတ်၍၊ ကိုယ်၌ရှိသော ဉစ္စာနှင့်ရောင့်ရဲခြင်း ရှိကြလော့။ ” ဟုဆိုထားပါသည်။ ထိုကျမ်းပိုဒ်များကို ဖတ်မိလျှင် ရိုးရိုးလေးနှင့် လိုက်လျှောက်ရန် လွယ်လွယ်လေးဟုထင်မိကြမည်။

သို့သော်လည်း အမှန်တကယ် နေ့စဉ် မိမိ၏ဘဝလမ်းကို လျှောက်နေကြသူ အယောက်တိုင်း “ရောင့်ရဲခြင်းရှိသောဘဝ ” ရရှိရန် ဘာကြောင့် ခက်ခဲနေရပါသလဲ။

တစ်ခုရှိသည်မှာ လူတိုင်း မွေးဖွားလာကထဲက မပြည့်စုံခြင်းများစွာနှင့် ဒီလူ့လောကကြီးထဲကို ရောက်ရှိ လာကြပါသည်။ ချွတ်ယွင်းချက်များစွာရှိသော လူ့နှလုံးသားကလည်း တစ်ပါးသူအပေါ်တွင် မနာလိုစိတ်များ၊ မိမိအတွက် လောဘကြီးသောစိတ်များဖြင့် ပြည့်ဝနေတတ်ပါသည်။ “ ရောင့်ရဲခြင်းစိတ်ဓါတ် ”သည် သွန်သင်လေ့ကျင့်မှုမှသာ ရရှိနိုင်ပါသည်။ တစ်ချို့သော သူများမှာ

သင်ပေးမည့်သူများ မရှိခြင်း၊ အချို့မှာ မိမိကြီးပြင်းရာ ဒေသနေရာမှ တွေ့မြင်ရာ၊ မှားယွင်းသော သင်ကြားမှုများက မိမိ၏အလိုဆန္ဒကို မှားယွင်းသော ပစ္စည်းဥစ္စာများနှင့် ဖြည့်ဆီးရန် တွန်းအား ပေးနေကြသည်။

စီးပွါးရေးတိုးတက်သော နိုင်ငံကြီးများမှာဆိုလျှင်၊ ပစ္စည်းဥစ္စာ များများဝယ်ယူနိုင်လျှင် ဘဝကို ပျော်ရွှင်မှုပေးနိုင် သလိုလို၊ ပစ္စည်းအသစ်ထွက်တိုင်း ဝယ်ယူနိုင်မှ လူရာဝင်သလိုလို၊ ကြော်ငြာများကနေ နေ့တဒူဝ လူတိုင်းရဲ့ ဦးနှောက်ထဲကို ရိုက်သွင်းနေကြသည်။

ကျွန်တော်တို့ရဲ့ရန်သူ စာတန်မာရ်နတ်ကလည်း နေ့စဉ်နေ့တိုင်း လူများကို ဘုရားသခင် ဆီသို့ အာရုံမစိုက်ရန်၊ လူများ ဘုရားသခင်၏ကျေးဇူးတော်ကို မသိရအောင် အမျိုးမျိုးလုပ်ဆောင် လျက်ရှိပါသည်။ စာတန်က ကျွန်တော်တို့ တခြားသူများကို မနာလိုဝန်တိုအောင်၊ တခြားသူက ကိုယ့်ထက်သာကြောင်း၊ ကိုယ့်ထက်အောင်မြင်ကြောင်း၊ အမျိုးမျိုးအကြောင်းရှာကာ ဘုရားသခင် ကို အထင်အမြင်လွဲမှားပြီး၊ မယုံကြည်အောင် စာတန်က တစိုက်မတ်မတ် လုပ်ဆောင်လျက် ရှိနေ သည်ကို မမေ့သင့်ပါ။

ရှင်ပေါလုသည်လည်း မွေးလာကထဲက “ရောင့်ရဲခြင်းစိတ်ဓါတ်” ရှိခဲ့သောသူ မဟုတ်ပါ။ သူလည်း ကျွန်တော်တို့ အယောက်စီတိုင်းကဲ့သို့ အသွန်အသင်ခံပြီး လိုက်နာလိုက်လျှောက်ခဲ့သူ တစ်ဦးသာ ဖြစ်သည်။ သူက (ဖိလိပ္ပိ၊ ၄ း ၁၂–၁၃) တွင် “ရှုတ်ချခြင်းကို၎င်း၊ ကြွယ်ဝခြင်းကို၎င်း၊ ခံတတ်၏။ ဝစွာစားခြင်း၊ မွတ်သိပ်ခြင်း၊ စည်းစိမ်ရှိခြင်း၊ ဆင်းရဲခြင်းတို့ကို ခံရအံ့သော၄်၊ အရပ်ရပ် တို့တွင် အရာရာ၌ သင်မိပြီ။ ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်း သောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။”ဟုဆိုထားပါသည်။

စက်မှုပညာ အလွန်တိုးတက်လွန်းလှသော ယနေ့ကမ္ဘာကြီးထဲတွင် လိုခြင်တိုင်းဝယ်ရ လျှင် ဆုံးမည်မဟုတ်ပါ။ ဒီနေရာမှာ ကျွန်တော့်ရဲ့ အသိမိတ်ဆွေ တစ်ယောက်ရဲ့ အဖိုးအကြောင်း ကို အနည်းငယ် ဝေငှချင်ပါသည်။ သူသည် တစ်သက်လုံး အလုပ်ကို ရိုးသားကြိုးစားပြီး၊ သမီးသုံး ယောက်အား ဂိုဒေါင်မန်နေဂျာအဖြစ် တာဝန်ထမ်းကာ ပြုစုပျိုးထောင်ပေးခဲ့သည်။ ယခုဆိုလျှင်၊ သမီးသုံးယောက်မှာ အိမ်ထောင်အသီးသီးနှင့် မြေးလေးယောက် ရှိကာ ပျော်ရွှင်စွာ နေထိုင်လျက် ရှိပါသည်။ ထိုမြေး လေးယောက်ကိုလည်း သူကိုယ်တိုင်ပင် ပြုစုပျိုးထောင်ပေးထားသူ ဖြစ်သည်။ တနေ့တွင် သူ၏သမီးအကြီးဆုံးက၊ သူမရဲ့ အဖေအား … “Daddy အခုဆို အငြိမ်းစားယူပြီမို့ Daddy တစ်သက်လုံး လိုချင်တဲ့ Fishing Boat ကိုဝယ်နိုင်သားပဲ၊ ဘာဖြစ်လို့ မဝယ်တာလဲ။” လို့မေးရာသူက “ ငါဒီ Fishing Boat ကိုဝယ်ရင် ဒါနဲ့ မပြီးဘူး။ ဟိုဟာလည်း လိုချင်လာမှာ၊ ဒီဟာလည်း ထပ်ဝယ်ချင်လာမှာ” ဟုပြန်ပြောခဲ့သည်။ သူက ကိုယ်လိုချင်စိတ်က ကိုယ့်ကိုမထိန်း ချုပ်မိရန် လူတိုင်းကို သွန်သင်ဆုံးမသူဖြစ်ပါသည်။ သူက ဒီကနေ့အထူးသဖြင့် အနောက်နိုင်ငံများ တွေ့ကြုံနေရသော စီးပွါးရေးပြဿနာမှာ၊ အကြွေးပြဿနာ ဟုဆိုပါသည်။

လူတော်တော်များများဟာ မိမိတို့တတ်နိုင်သလောက်နှင့် မရောင့်ရဲ မတင်းတိမ်ဘဲ၊ မိမိတို့လိုချင်စိတ်က မိမိတို့ကိုထိန်းချုပ်ကာ လိုချင်တာတွေကို အကြွေးများနှင့်ဝယ်ယူသောစံနစ် ကြောင့်ဖြစ်တယ်လို့ သူက ဆိုပါသည်။ မှန်ပါသည်။ သူဟာ အလွန်ပင် ဘာသာရေး ကိုင်းရှိုင်းပြီး၊

မိမိဘဝကို ရှိတာလေးနှင့်ပျော်ရွှင်စွာ၊ ရောင့်ရဲတင်းတိမ်စွာ အသက်ရှင်နေသူ တစ်ဦး ဖြစ်ပါသည်။ သူ့ကို ကျွန်တော်တို့က Del ဟုချစ်စနိုးခေါ်ကြပါသည်။

Del နှင့် ရှင်ပေါလုက ဒီကနေ့ ကျွန်တော်တို့ကို သွန်သင်ပေးနေသည်မှာ၊ – နေ့စဉ် အသက်ရှင်ရာတွင် မိမိ၏ လိုချင်တက်မက်သော စိတ်အတိုင်း အသက်မရှင်ပဲ၊ ဒီကနေ့ ဘုရား သခင်ပေးထားသော အရာများဖြစ်သည့် နေ့စဉ်စားသောက်ဖို့ အလုံအလောက်ရှိခြင်း၊ ဘုရား သခင်က ကျွန်တော်တို့ရဲ့ အပြစ်များကို အမြဲခွင့်လွှတ်ပေးခြင်း၊ စာတန်မာရ်နတ်၏ စုံစမ်းတိုက် ခိုက်ခြင်းများကို ကောင်းကင်တမာန်များ တပ်ချထားခြင်းဖြင့် အမြဲကာကွယ်ပေးနေခြင်း၊ ဘုရား ပေးထားသော မိသားစုနှင့်မိတ်ဆွေများ အတွက်၊ ရှေ့လာမည့်နေ့ရက်တိုင်းအတွက် ကျေးဇူးတော် ချီးမွမ်းခြင်းအားဖြင့် အသက်ရှင်သင့်ကြောင်းကို ထိုသူတို့က ပုံသက်သေပြလျက် ရှိပါသည်။

ထို့ကြောင့် ညစဉ် ညတိုင်းကျွန်တော်တို့ ဆုတောင်းသင့်သည်မှာ၊ –

အို! အဘဘုရားသခင် … ।

“ ကျွန်ုပ်၏ဘဝကို ကျွန်ုပ် အလွန်မြတ်နိုး ပါသည်။ ဘုရားသခင်က နေ့စဉ် ကြွယ်ဝစွာ သောကောင်းကြီး မင်္ဂလာများ ချပေးထားပြီး၊ ” မနက်ဖြန်နဲ့ နောင်လာမဲ့ နေ့ရက်တိုင်းမှာလည်း အသစ်သောကောင်းကြီး မင်္ဂလာများ ထပ်မံ၍ ချပေးဦးမည် ဖြစ်ပါသည်။

ဘုရားသခင်က ကျွန်ုပ်တို့ကို လွန်စွာချစ် မြတ်နိုးပြီး ဘယ်သောခါမျှ ပြစ်ပယ်ထားမည် မဟုတ်ပါ။ ကျွန်ုပ်လိုအပ်နေသည့် အရာများကို ယခု လုံလောက်စွာ ချပေးထားပြီး၊ ပိုလျှံလျက်ပင် ရှိပါသည်။ ကျွန်ုပ်ရဲ့ဘဝကို ကိုယ်တော်အတွက် အစေခံခြင်းမှ ရောင့်ရဲတင်းတိမ်မှုကို ချပေးသနား တော်မူပါ။ ကျွန်ုပ်၏ အသက်တာဟာ ကိုယ်တော်အတွက်သာ ဖြစ်စေတော်မူပါ။ … အထူးအဖြင့် ရောင့်ရဲတတ်သောစိတ်ကို ပေးသနားတော်မူပါ … ဘုရား။ အာမင်။ ॥




အိုအကျွန်ုပ်ဘုရားသခင်ထာဝရဘုရား၊

- ကိုယ်တော်ထံမှာ ဆုနှစ်ပါးကို အကျွန်ုပ်တောင်းပါ၏။
- အကျွန်ုပ် မသေမီတိုင်အောင် ငြင်းတော်မမူပါနှင့်။
- အကျွန်ုပ်မှ အနတ္တနှင့်မုသာကို ပယ်တော်မူပါ။
- ဆင်းရဲခြင်းနှင့် ငွေရတတ်ခြင်းကို ပေးတော်မမူပါနှင့်။
- အသက်မွေးလောက်သော အစာကိုသာ ပေးတော်မူပါ။

သို့မဟုတ်၊ အကျွန်ုပ်သည် ကြွယ်ဝ၍၊ ထာဝရဘုရားကား၊ အဘယ်သူနည်းဟုဆိုလျက်၊ ကိုယ်တော်ကိုငြင်းပယ်မည်ဟု စိုးရိမ်စရာရှိပါ၏။ သို့မဟုတ်၊ ဆင်းရဲ၍ သူ့ဥစ္စာကိုခိုးသဖြင့်၊ အကျွန်ုပ်၏ဘုရားသခင် နာမတော်ကို မုသာနှင့် ဆိုင်၍ မြွတ်ဆိုမည်ဟု စိုးရိမ်စရာ ရှိပါ၏။

အာမင်။

# သခင်၏စေစားချက်

နေ့စဉ် ကျွန်ုပ်တို့၏ အသက်တာကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံရန်မှာ သခင်ယေရှု၏ စေစားချက် ဖြစ်သည်။

သခင်ယေရှုကလည်း (မဿဲ၊ ၆ း ၉–၁၃) ကောင်းကင်ဘုံရှင် အဖထံ ပဌနာတော်အားဖြင့် နေ့စဉ် ချဉ်းကပ်တိုးဝင်ရန် သွန်သင်ခဲ့ပါသည်။ ထိုသို့ ချဉ်းကပ်ရာ၌ ပြောပြီးမေ့သည့် ပုံစံမျိုး မဖြစ်စေရန်၊ ဝတ္တရားအနေဖြင့် ဝတ်ကျေတမ်းကျေ မဖြစ်စေရန်၊ အထူးသတိပြုရပါမည်။

ပဌနာတော်ဆုတောင်းအားဖြင့်၊–

= ဘုရားသခင်ကို ချီးမွမ်းခြင်း(း၉)၊
= နိုင်ငံတော်နှင့်အလိုတော်ကိုရှာဖွေခြင်း(း၁၀)၊
= ကိုယ်တော်မစပေးသနားမည့်အကြောင်းကို ကိုးစားခြင်း (း၁၁)၊
= ခွင့်လွှတ်ရန်တောင်းလျှောက်ခြင်း (း၁၂)
= အပြစ်သွေးဆောင်ရာမှ ကယ်တင်ခြင်း (း၁၃)
= ကိုယ်တော်၏တန်ခိုးတော်စဉ်မြဲတည်ခြင်း(း၁၃) ဖြစ်ပါသည်။

ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် နေ့စဉ် အသက်ရှင်နိုင်ရန်၊–

❑ သမ္မာကျမ်းစာကို နက်နဲစွာ ဖတ်ရှုခံယူပါ။
❑ နေ့ရက်စဉ်တိုင်း၌ အကောင်းဆုံး အသက်ရှင်ပါ။
❑ ဘုရားသခင်၏လမ်းပြမှုကို တောင်းခံပါ။
❑ ခံစားရသောကောင်းကြီးများ အတွက် ကျေးဇူးတော်ချီးမွမ်းပါ။

အိုအဖ...၊

∗ ပေးသနားသောကောင်းကြီးများ ကျေးဇူးတင်ပါ၏။
∗ နှုတ်ကပတ်တော်ကို ကြွယ်ဝနက်နဲစွာသိသော ဉာဏ်ပေးမူပါ။
∗ ကိုယ်တော်ကို ရှာသော် လမ်းပြည့်နှန်မူပါ။
∗ ကိုယ်တော်ကို သိကျွမ်းလိုပါ၏။
∗ ကျွန်ုပ်အသက်တာအားဖြင့် ကိုယ်တော် နှစ်သက်ကျေနပ်စေလိုပါ၏။ အာမင် ။

# စိတ်နှလုံးသွင်းရန် – သုတ္တံစကား

ဖြည်းညှင်းသောစကားသည် စိတ်ကို ဖြေတတ်၏။

ကြမ်းတမ်းသောစကားမူကား၊ အမျက်ကို နှိုးဆော်တတ်၏။

ပညာရှိသော သူ၏လျှာသည် ပညာအတတ်ကို တင့်တယ်စေတတ်၏။

မိုက်သော သူတို့၏ နှုတ်မူကား၊ မိုက်သောအရာကို သွန်းလောင်းတတ်၏။

ဖြေးညှင်းသောလျှာသည် အသက်ဖြစ်၏။

ကြမ်းတမ်းသောလျှာမူကား စိတ်နာစေ တတ်၏။

မိုက်သောသူသည် အဘသွန်သင်ခြင်းကို မထီမဲ့မြင်ပြု တတ်၏။

ဆုံးမသော စကားကို နားထောင်သော သူမူကား၊ သမ္မာသတိနှင့် ပြည့်စုံတတ်၏။

ဖြောင့်မတ်သော သူ၏အိမ်၌ များသော စည်းစိမ်ရှိ၏။

မတရားသောသူ ခံရသော အခွန်မူကား၊ များစွာသော နှောက်ယှက်ခြင်းနှင့် ယှဉ်၏။

ပညာရှိသော သူ၏ နှုတ်ခမ်းတို့သည် ပညာ အတတ်ကို စွန့်ကြဲတတ်၏။

မိုက်သောသူ၏ နှလုံးမူကား ပညာမရှိ။

မတရားသောသူ ပူဇော်သောယဇ်ကို ထာဝရ ဘုရား စက်ဆုပ်ရွံရှာ တော်မူ၏။

သဘောဖြောင့်သောသူ ဆုတောင်းသော ပဌာနကိုကား၊ နှစ်သက်တော်မူ၏။

မတရားသော လိုက်သောလမ်းကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏။

ဖြောင့်မတ်ခြင်းတရားလမ်းသို့ လိုက်သော သူကိုကား ချစ်တော်မူ၏။

လမ်းလွှဲသောသူသည် ဆုံးမသောစကားကို နားမခံလို။

ထာဝရဘုရား၏ မျက်စိတော်သည် ခပ်သိမ်းသော အရပ်၌ရှိ၍၊
ကောင်း မကောင်းကို ကြည့်ရှု တော်မူ၏။

[သုတ္တံကျမ်းမှကောက်နှုတ်ချက်

**BIBLE STUDY**

**A Servant Leader's Heart**
Spiritual Lesson Guide
9th March, 2014 (Week 10)

**Needed Materials**

File/folder, paper, pen or pencils, the Bible, and song books

**A) Greetings and opening prayer**

**B) Summon up (Recall) the last week's topic and lessons(3-2-2014)**

**Topic: Humble Heart (Lessons)**

1. Humble first! Then you will be blessed.
2. God will answer the prayers of the humble people and forgive their sin
3. God always wants us to be humble.
4. Jesus humbled himself (humility and service go together)
5. Jesus humbled himself (humility and selflessness go together or humility creates selflessness)
6. Jesus humbled himself (humility creates obedience)
7. God's grace is always with the humble

**Bible Application**

i) Be humble in your Christian life.
ii) Always response to God with your humble heart.
iii) The humble will see the right path to honor God and live his or her life.
iv) Give all your services with a humble heart.
v) Do not be selfish whatever you do.
vi) Be obedient.
vii) Treat one another with a humble heart.

**…………………………………………………………………………………**

**C) Teaching Steps on "A Servant Leader's Heart"**

**1) Life Need**

a) Are you a leader or a follower of (school, family, church, team, club, etc.)?
b) Do you want to become a leader or a follower of (school, family, church, team, club, etc.)?
c) Can youth (young persons) be leaders of the church today? Explain.
d) Can a humble one be a leader? Give your core belief.
e) Are you a humble one (at school, family, church, team, club, etc.)?
f) Are you familiar with any young characters from the Bible who humbled themselves and led their people? Please give your example.
g) Please share your, thus far, leadership experiences with school, family, church, team, club, etc.

**2) Bible Learning (Ask volunteers to read the following scriptural verses loudly)**

i) "The Lord has sought out a man after his own heart; and the Lord has appointed him to be ruler over his people" (1 Samuel 13:14).

- God loves and blesses her who definitely knows herself according to His instructions (Laws)

ii) "Let each of you look not to your own interests, but to the interests of others" (Philippians 2:4)

- (Remember) God loves you and your neighbors too

iii) "I do not call you servants any longer, because the servant does not know what the master is doing; but I have called you friends, because I have made known to you everything that I have heard from my Father" (John 15:15).

- Christ is the Greatest Friend of us (sinners) and His friendship is priceless

iv) "Very truly, I tell you, the one who believes in me will also do the works that I do and, in fact, will do greater works than these, because I am going to the Father" (John 14:12).

- True leaders with Christ can do everything

v) "In the fear of the Lord one has strong confidence, and one's children will have a refuge. The fear of the Lord is a fountain of life, so that one may avoid the snares of death" (Proverbs 14:26).

- God blesses those who fear Him

vi) "Just as the Son of Man came not to be served but to serve, and to give his life a ransom for many" (Matthew 20:28).

- True leaders provide their services for others for the sake the humility of Christ

vii) "Render service with enthusiasm, as to the Lord and not to men and women" (Ephesians 6:7).

- God blesses those who provide their genuine services for God through people

**3) Bible Application**

a. Know yourself and engage in personal renewal and development (know + remember your calling)
b. Humble in the presence of God and each other for the sake of the unity in Christ
c. Build and maintain healthy relationships through true friendship
d. Lead like Jesus (humble, forgive, love, serve, delegate, etc.)
e. Fear God
f. Provide your genuine services to God by serving others
g. Always prepare yourselves to serve God through people enthusiastically

**4) Life Response**

i) Are you a servant leader or a self-serving leader? Please differentiate these two types of leaders.

| Servant Leader | Self-Serving Leader |
|---|---|
| a) | a) |
| b) | b) |
| c) | c) |

ii) How is leadership related to humbleness (humble heart) or the servant's spirit? Please provide your opinion.

iii) How do you prepare yourself (heart) to serve God through people as a leader (spiritually, intellectually, socially, etc.)?

iv) What are the (greatest) barriers for your leadership journey (e.g. pride, selfish, ego, fear, doubt, anger, etc.)?

v) As a Christian (believer), how and in what ways will you overcome the barriers which are blocking your leadership journey?

**D) Song "As The Dear Panteth"**

As the deer panteth for the water so my soul longeth after thee
You alone are my heart's desire and I long to worship thee
**Cho/** You alone are my strength, my shield,
to You alone may my spirit yield
You alone are my heart's desire and I long to worship thee.

**E) Announcement**

For the next week (3rd week of March), think about "A Servant Leader's Hand" in your Christian life.

**F) Words of thanks and closing prayer …**

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

**S' Joseph (Talbot School of Theology) Biola University, La Mirada**

**BIBLE STUDY**

**The Adventurer**
Spiritual Lesson Guide
23rd February, 2014 (Week 8)

**February, 2014**
**Topic: The Lover**

| | | | |
|---|---|---|---|
| 1st Week | - (2.2.14) | - The Artist | - (Week 5) |
| 2nd Week | - (9.2.14) | - The Gardener | - (Week 6) |
| 3rd Week | - (16.2.14) | - The Lover | - (Week 7) |
| **4th Week** | **- (23.2.14)** | **- The Adventurer** | **- (Week 8)** |

**Needed Materials**

File/folder, paper, pen or pencils, the Bible, and song books

**A) Greetings and opening prayer**
**(2 min)**

**B) Summon up (Recall) the last week's topic and lessons(16th February, 2014) (5 min)**

**Topic: The Lover (Lessons)**

1) God's love is wonderful to me. "Love is the life of man" (Emanuel Swedenborg).
2) God is love
3) God first loved us
4) "A pennyweight o' (of) love is worth a pound o' (of) law" (Scottish Proverb).
5) "There is no love which does not become help" (Paul Tillich).
6) Nothing speaks more clearly of God's love than the cross of Jesus

**Bible Application**

a) Find new ways to love your partner, parents, church, and enemies.
b) Let everybody see the love of Christ in/through you.
c) Greet each other by "I love you with the love of the Lord."
d) Practice "loving, giving, and serving" in your daily life.
e) Practice actions of love such as 'listening, obeying, understanding, acknowledging, forgiving, etc.) in your life.
f) Be compassionate to heal the hurts of others.

………………………………………………………………………….

**C) Teaching Steps on "The Adventurer"**
**(20 min)**

**1) Life Need**

a) Are you familiar with the discovery channel? If yes, how do you feel when you watch this channel?
b) Have you ever experienced with an adventurous thing/journey? If you have, how did you feel?
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

c) In your life thus far, who is (was) the greatest adventurer of/for your life?
d) Do you want to do any adventurous thing/journey (again) in your life? If yes, what would it be (education, career, spiritual journey, ministerial life, etc.?)
e) If yes, how will you prepare for your adventurous (discovery) journey/exploration?
f) What will be the greatest need for (the preparation of) your adventurous journey/exploration?

**2) Bible Learning (Ask volunteers to read the following scriptural verses loudly)**

i) "Be strong and bold; have no fear or dread of them, because it is the Lord your God who goes with you; he will not fail you or forsake you" (Deuteronomy 31:6).

- Our God is leading (going with) us (if you allow Him to go with you)

ii) "It is the LORD who goes before you. He will be with you; he will not fail you or forsake you. Do not fear or be dismayed" (Deuteronomy 31:8).

- Don't be afraid / discouraged.

iii) "Do not fear, for you will not be ashamed; do not be discouraged, for you will not suffer disgrace; for you will forget the shame of your youth, and the disgrace of your widowhood you will remember no more" (Isaiah 54:4).

- God will protect you from any danger (disgrace)

iv) "For God did not give us a spirit of cowardice, but rather a spirit of power and of love and of self-discipline" (2 Timothy 1:7).

- God always empowers us through His mighty love

v) " By faith Abraham obeyed when he was called to set out for a place that he was to receive as an inheritance; and he set out, not knowing where he was going" (Hebrews 11:8).

- Faith works

vi) "The angel of the LORD encamps around those who fear him, and delivers them" (Psalm 34:7).

- God definitely helps us

vii) "What is impossible for mortals (human beings) is possible for God" (Luke 18:27).

- Everything is possible with God

**3) Bible Application**

viii) Allow your God to lead you.
ix) Be strong and courageous (brave).
x) (Put) God first.
xi) Don't be afraid and go with God.
xii) Whatever you do, put your trust in God.
xiii) Fear God and be faithful to God.
xiv) Nothing is impossible when you put your trust in God.

**4) Life Response**

a) Please share your first (would be/wished) adventurous thing/journey of/for your life?

b) What do you want to do (venture) for your family?

c) How do you want to do (venture) for your church?

d) How will you overcome your worries?

e) How will you prepare for becoming a good adventurer or discoverer for your life, family, and church?

**D) Song "I Love You With The Love"**

I love you with the love of the Lord,
Yes, I love you with the love of the Lord,
I can see in you the glory of my King,
Yes, I love you with the love of the Lord.

**In Moments Like These**

In moments like these, I sing out a song
I sing out a love song to Jesus
In moments like these, I lift up my hands
I lift up my hands to the Lord

- (Singing I love you Lord) x 3 (I love you).

**E) Announcement**

For the next week (1st week of March), think about humility (Humble Heart) in your Christian life.

**F) Words of thanks and closing prayer**

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

**S' Joseph (Talbot School of Theology)**
**Biola University, La Mirada**
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~